ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အစိုးရ
မွေးမြူရေး၊ ရေလုပ်ငန်း နှင့် ဆည်မြောင်းဝန်ကြီးဌာန
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန
ပင်လည်ဘူးမြို့နယ်

# လူထုဗဟိုပြုစီမံကိန်း

# National Community Driven Development Project (NCDDP)



## ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

## Village Development Plan (VDP)

## တောင်မော်ကျေးရွာ ၊ တောင်ကုန်းအုပ်စု

၂၀၁၇ ခုနှစ်                ပင်လည်ဘူးမြို့

မာတိကာ

၁။ ပင်လည်ဘူးမြို့နယ် မြေပုံ...............................................................................................Error! Bookmark not defined.

၂။ တောင်ကုန်းအုပ်စုမြေပုံ...............................................................................................Error! Bookmark not defined.

၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ...............................................................................................Error! Bookmark not defined.

၄။ ကျေးရွာအခြေခံအချက်အလက်များ...............................................................................................Error! Bookmark not defined.

၅။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်...............................................................................................Error! Bookmark not defined.

၆။ ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်အတွက် အသုံးပြုခဲ့သော PRA tools များနှင့် တစ်ခုချင်းစီအတွက်သုံးသပ်ချက်များ............................................................................................... 9

၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှုမှတ်တမ်းဓါတ်ပုံများ.................. 33

၈။ ကော်မတီဝင်များစာရင်း...............................................................................................Error! Bookmark not defined.

၉။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်...............................................................................................Error! Bookmark not defined.

၁၀။ ပုံစံ စ-၂။ စီမံကိန်းစက်ဝန်းအချိန်ဇယား...............................................................................................Error! Bookmark not defined.

၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်...............................................................................................Error! Bookmark not defined.

၁၂။ ပုံစံ စ-၄။ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ.......................................................... 45


၁၃။ အစည်းအဝေးမှတ်တမ်းများ...............................................................................................46

၁၄။ ကဏ္ဍအလိုက် အခက်အခဲမှတ်တမ်း.. ...............................................................................................48

၁။ ပင်လည်ဘူးမြို့နယ် မြေပုံ


# စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်

# ပင်လည်ဘူးမြို့နယ် UTM မြေပုံ



## ၂။ တောင်ကုန်း အုပ်စုမြေပုံ

# တောင်ကုန်းကျေးရွာအုပ်စု



## ၃။ ကျေးရွာအုပ်စုတွင်ပါဝင်သော ကျေးရွာစာရင်းများ

တောင်ကုန်းကျေးရွာအုပ်စုတွင် တောင်ကုန်း၊ နားနန်း၊ ကော်တာ၊ တောင်မော်၊ မြောက်မော် ကျေးရွာများ ဖြစ်ကြပါသည်။

၃။ ကျေးရွာအခြေခံအချက်အလက်များ

### ၁။ ကျေးရွာသမိုင်းအကျဉ်း

တောင်မော်ကျေးရွာသည် လွန်ခဲ့သောနှစ်ပေါင်း ၂၀၀ ကျော်က စတင် တည်ထောင်ခဲ့ပါသည်။ ယခင်က အိမ်ခြေ ၄၀ ကျော်ရှိပြီး ဆားလုပ်ငန်းဖြင့် ဝင်ငွေရှာဖွေ စားသောက်ကြပါသည်။ တောင်ယာ လုပ်ငန်းများ လုပ်ကိုင်ကြပြီး ဘုန်းတော်ကြီးသင် ပညာရေးစနစ်ဖြင့် ပညာသင်ကြားခဲ့ကြရသည်။ ဆားမော်များရှိသော တောင်ပေါ်ရွာလေး ဖြစ်သောကြောင့် တောင်မော်ဟု အမည် ခေါ်တွင်ခဲ့ကြသည်။ ကဒူး လူမျိုးများဖြစ်ပြီး ဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။ ရွာစတင်စတွင် ဖယောင်းတိုင်းကို အသုံးပြုကြပြီး နောင်တွင် ရေအား လျှပ်စစ်ဖြင့် တစ်ရွာလုံးမီးဖြင့် သုံးစွဲနိုင်ခဲ့ပါသည်။ ရွာသူရွာသားများ စည်းလုံး ညီညွတ်စွာ နေထိုင်ကြပါသည်။ ယခုအခါတွင် ဆား လုပ်ငန်းကို မလုပ်ကြတော့ဘဲ လယ်ယာလုပ်ငန်းကို အဓိက လုပ်ကိုင်ကြသည်။ ကျေးရွာတွင် (အ.လ.က)ခွဲကျောင်းရှိပြီး ကျေးရွာလူဦးရေမှာ ၄၇၇ ဦးရှိသည်။ မြို့နှင့်၂၅ မိုင်ဝေးပြီး ကားဖြင့်သွားလာနိုင်သည်။

### ထူးခြားဖြစ်စဉ် -

ရေကြီးခြင်း၊ လယ်မြေများ ရေလွှမ်းပါသည်။

### ၂။ကျေးရွာအတွင်းရှိ စုစုပေါင်းအိမ်ထောင်စု

| အိမ်ထောင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| ၈၁ | ၂၂၈ | ၂၅၁ | ၄၇၉ |

### ၃။ လူနည်းစုလူမျိုးစုအိမ်ထောင်စု

| အမျိုးအစား | အိမ်ထာင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| မရှိ | - | - | - | - |

### ၄။ ထိခိုက်လွယ်အုပ်စု

| ထိခိုက်လွယ်အုပ်စု | အိမ်ထာင်စု | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| သက်ကြီး | ၂၇ | ၁၁ | ၂၅ | ၃၆ |
| မြေယာမဲ့ | ၄ | ၈ | ၁၁ | ၁၉ |
| မသန်စွမ်း | ၂၈ | ၁၁ | ၂၆ | ၃၇ |

## ၅။ အဓိကစီးပွားရေးလုပ်ငန်းများ

| စိုက်ပျိုးရေး | မွေးမြူရေး | အသေးစားစီးပွားရေး | အခြား |
|---|---|---|---|
| စပါး | ကျွဲ (တပိုင်တနိုင်) | စပါးအရောင်းအဝယ် | |
| မြေပဲ | နွား (တပိုင်တနိုင်) | ဈေးအရောင်းအဝယ် | |
| တောင်ယာစပါး | ဝက် (တပိုင်တနိုင်) | မြေပဲအရောင်းအဝယ် | |
| ကြက်သွန် | ကြက်(တပိုင်တနိုင်) | နှမ်းအရောင်းအဝယ် | |
| ဟင်းသီးဟင်းရွက် | | ရွှေကျင်လုပ်ငန်း | |
| | | | |
| | | | |

## ၇။ ကျေးရွာအတွင်းအဓိက ပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | စိုက်ပျိုးမြေ | စားကျက်မြေ | သစ်တောမြေ | သဲ/ကျောက်ရရှိမှု | ရေတွင်း/ရေကန် | စက်ရေတွင်း |
|---|---|---|---|---|---|---|
| အရေအတွက် | ၁၁၃ ဧက | ၁၅၀ ဧက | ၅၀၀-ဧက | ရှိ | ၃ / ၁ | ၀ |
| ကျေးရွာပိုင်ဆိုင်မှုများ | ကား | ထော်လာဂျီ | စပါးကြိတ်စက် | ခြွေလှေ့စက် | အသေးစားဆည် | ဈေးဆိုင် |
| အရေအတွက် | ၂ | | ၃ | ၁ | ၂အများပိုင်<br>၈ ပုဂ္ဂလိကပိုင် | ၅ |

## ၈။ ကျေးရွာအတွင်းအခြားပိုင်ဆိုင်မှုများ

| ကျေးရွာပိုင်ဆိုင်မှုများ | ရေတင်စက် | လယ်ထွန်စက် | ထွန်ထယ် | ကျွဲ | နွား |
|---|---|---|---|---|---|
| အရေအတွက် | ၃ | | ၈၁ | ၅ | ၁၂၆ |
| ကျေးရွာပိုင်ဆိုင်မှုများ | ဝက် | ဆိုင်ကယ် | ကျွမ်းကျင်လုပ်သား | လုပ်သား | |
| အရေအတွက် | ၈၉ | ၃၂ | ၁ | ၂၀ | |

## ၉။ အခြားကျေးရွာရှိအသုံးပြုနိုင်သော အရင်းအမြစ်/အချက်အလက်များ

| အရင်းအမြစ် | ဆေးခန်း | အ.လ.က/အ.ထ.က | ဈေး | ကျွမ်းကျင်လုပ်သား | လုပ်သား | မြေတူးစက် | လမ်းကြိတ်စက် |
|---|---|---|---|---|---|---|---|
| အရေအတွက် | ၁ | ၂၊ | - | ၂ | ၁၀ | - | |

## ၄။ လူထုပူးပေါင်းပါဝင်သော လူမှုဆန်းစစ်ခြင်း နှင့် အကဲဖြတ်ခြင်း လုပ်ငန်းစဉ် (PSA/PRA) အကျဉ်းချုပ်

| စဉ် | အကြောင်းအရာ | ရက်စွဲ | ဦးတည်အုပ်စု | တက်ရောက်သူ | | | အဓိက ဆွေးနွေးချက်များ |
|---|---|---|---|---|---|---|---|
| | | | | ကျား | မ | ပေါင်း | |
| ၁ | လူမှုစီးပွားအဆင့် သတ်မှတ်ခြင်း (Wealth Ranking) | ၄-၂-၂၀၁၇ | ချမ်းသာ၊ အလယ်အလတ်၊နွမ်းပါး၊ အလွန်နွမ်းပါးအုပ်စများ | ၃၅ | ၂၈ | ၆၃ | ကျေးရွာလူမှုစီးပွားအုပ်စုများခွဲခြားသတ်မှတ်နိုင်ရေးအတွက် အခြေခံစံနှုန်းများ သတ်မှတ်ခြင်း၊ ကျေးရွာသားများနှင့် အများသဘောတူ ခွဲခြားသတ်မှတ်ခြင်း |
| ၂ | ရာသီခွင်ပြပြက္ခဒိန် (Seasonal Calendar) | ၄-၂-၂၀၁၇ | ကော်မတီဝင်၊ အမျိုးသမီး၊ အမျိုးသားများ | ၃၅ | ၂၈ | ၆၃ | ရာသီဥတု၊ စိုက်ပျိုးသီးနှံများ၊ လယ်ယာလုပ်ငန်းများ၊ နေ့စားလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများ၊ ဝမ်းစာဖူလုံမှု နှင့် ပွဲတော်များ |
| ၃ | ကျေးရွာလူမှုရေးပြ၊ သယံဇာတပြမြေပုံ (Social Map/ Resource Map) | ၄-၂-၂၀၁၇ | ရပ်မိရပ်ဖ၊ ကော်မတီဝင်များ | ၃၅ | ၂၈ | ၆၃ | အိမ်အမျိုးအစားများ၊ အခြေခံအဆောက်အဦးများ၊လမ်းပန်းဆက်သွယ်ရေးအခြေအနေ လယ်ယာမြေများ၊ မြစ်ချောင်းများ၊ ရေတွင်း ရေကန်များ၊သစ်တောများ |
| ၄ | ပြဿနာသစ်ပင် (Problem Tree) | ၄-၂-၂၀၁၇ | အမျိုးသားများကော်မတီဝင်များ | ၃၅ | - | ၃၅ | ဆွေးနွေးထားသော အခြေခံအဆောက်အဦး များနှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ၊ကျန်းမာရေး၊ပညာရေး။ |
| ၅ | ပြဿနာသစ်ပင် ( Problem Tree) | ၄-၂-၂၀၁၇ | အမျိုးသမီးများ | - | ၂၈ | ၂၈ | ဆွေးနွေးထားသော အခြေခံအဆောက်အဦး များနှင့် သက်မွေးဝမ်းကျောင်းလုပ်ငန်းများ |
| ၆ | ကျေးရွာ၏ (၅)နှစ်စာ ဦးစားပေးအစီအစဉ်ပြ ဇယား(Metric Ranking) | ၅-၂-၂၀၁၇ | အမျိုးသားအုပ်စု၊အမျိုးသမီးအုပ်စု၊လူငယ်အုပ်စု၊ ရပ်မိရပ်ဖအုပ်စု | ၃၀ | ၃၆ | ၆၆ | အကျိုးပြုဦးရေ၊ အကျိုးခံစားခွင့် နှင့် အဓိက လိုအပ်ချက်များပေါ်မူတည်၍ ဆုံးဖြတ်သည်။ |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၇ | အဖွဲ့အစည်းချိတ်ဆက်ပုံ (Venn Diagram) | ၈-၂-၂၀၁၇ | ကျေးရွာအုပ်ချုပ်ရေးအဖွဲ့၊ ကျေးရွာ စီ/ထောက်အဖွဲ့ | ၃၀ | ၃၆ | ၆၆ | ကျေးရွာတွင်းရှိ အဖွဲ့အစည်းများနှင့် မည်သို့သောလုပ်ငန်းများအတွက် မည်သည့်အဖွဲ့များချိတ်ဆက်လုပ်ကိုင်မှု |
| ၈ | ပင့်ကူအိမ်ကွန်ယက် (Spider Web) | ၈-၂-၂၀၁၇ | အမျိုးသားများ နှင့် အမျိုးသမီးများ | ၃၀ | ၃၆ | ၆၆ | အမျိုးသားများ နှင့် အမျိုးသမီးများ တန်းတူအခွင့်အရေး ရရှိမှု နှင့် မရရှိသည့် အကြောင်းအရင်းများ |
| ၉ | ပြဿနာ၊ အခွင့်အရေး၊ လက်ရှိအခြေအနေ နှင့်ပြောင်းလဲမှုညွှန်းကိန်း | ၈-၂-၂၀၁၇ | ကျေးရွာစီ/ထောက်အဖွဲ့၊ ကျေးရွာလူထု | ၃၀ | ၃၆ | ၆၆ | ပြဿနာ၊အခွင့်အရေး၊လက်ရှိအခြေအနေ ကိုသိရှိရန် နှင့် ပြောင်းလဲနိုင်သည်ပုံစံများ |
| ၁၀ | ကျေးရွာအိပ်မက်ပြမြေပုံ (Dream Map) | ၈-၂-၂၀၁၇ | ကျေးရွာစီ/ထောက်အဖွဲ့၊ ကျေးရွာလူထု | ၃၀ | ၃၆ | ၆၆ | နောင်တစ်ချိန်တွင် ကျေးရွာတွင် ဖြစ်စေချင်သော/မြင်စေချင်သော အရာများ ထည့်သွင်းရေးဆွဲခြင်း |

## ၅။ ကျေးရွာ၏လူမှုစီးပွားအဆင့်သတ်မှတ်ခြင်း။ (Wealth Ranking)

| အဆင့် | အခြေခံစံနှုန်းများ/ ညွှန်းကိန်းများ | အိမ်ထောင်စု | ရာခိုင်နှုန်း |
|---|---|---|---|
| **ချမ်းသာ** | **အိမ်အခြေအနေ- ပျဉ်ခင်း၊** ပျဉ်ကာ၊ သွပ်မိုး၊နှစ်ထပ်အိမ်။<br>**မြေယာပိုင်ဆိုင်မှု-** ၅ ဧကနှင့်အထက်။<br>ကျွဲ၊နွား။၂ ကောင်နှင့်အထက်။<br>**အခြားပိုင်ဆိုင်မှု-** ဆိုင်ကယ်၊ ကား၊ ထွန်စက်၊လှည်း၊တီဗွီ။ | ၂၄ | ၂၅% |
| **အလယ်အလတ်** | **အိမ်အခြေအနေ-** ပျဉ်ခင်း၊ ထရံကာ၊ သွပ်မိုး။<br>**မြေယာပိုင်ဆိုင်မှု-** ၃ ဧကနှင့်အထက်၊တီဗွီ<br>**ကျွဲ၊ နွား၂ကောင်။**<br>**အခြားပိုင်ဆိုင်မှု-** လှည်း၊ဆိုင်ကယ်။ | ၄၃ | ၆၀% |
| **နွမ်းပါး** | **အိမ်အခြေအနေ-** ပျဉ်ခင်း၊ ဝါးထရံကာ၊ သက်ကယ်မိုး။<br>**မြေယာပိုင်ဆိုင်မှု- ၁ ဧကနှင့်အထက်။**<br>**ကျွဲ၊ နွား- ၂ကောင်။**<br>**အခြားပိုင်ဆိုင်** မှု လှည်း၊ခေါက်တီဗွီ။ | ၁၄ | ၁၅% |
| **စုစုပေါင်း** | | **၈၁** | **၁၀၀%** |

## ၆။ ရာသီခွင်ပြ ပြက္ခဒိန် ဆွေးနွေးချက် နှင့် သုံးသပ်ချက်



**ဆွေးနွေးချက်များ**

တောင်မော်ကျေးရွာ၏ ရာသီဥတုအခြေအနေများ ၊ စိုက်ပျိုးရေးအခြေအနေများ ၊ မွေးမြူရေးအခြေအနေများ ၊ နေ့စားလုပ်ငန်းများ ၊ သဘာဝဘေးအန္တရာယ် ကျရောက်မှုများ ၊ အလုပ်သမားများ ရှားပါးမှုအခြေအနေများ ၊ ပွဲတော်များ အကြောင်း ဆွေးနွေးကြပါသည်။ ကျေးရွာသူ ကျေးရွာသားများနှင့် စုပေါင်းကာ တိုင်ပင် ဆွေးနွေးကြပါသည်။

**သုံးသပ်ချက်များ**

ရာသီဥတု - တန်ခူးလနှင့် ကဆုန်လများသည် ပွင့်လင်းရာသီဖြစ်ပြီး နယုန်လ မှသီတင်းကျွတ်လအထိ မိုးတွင်းကာလ ဖြစ်သောကြောင့် ရေကြီးခြင်းများ ဖြစ်ပွားပြီး လမ်းပန်းဆက်သွယ်ရေး ခက်ခဲပါသည်။ သီတင်းကျွတ်လပြည့်ကျော်မှ တပေါင်းလအထိ ပွင့်လင်းရာသီဖြစ်သည်။

စိုက်ပျိုးရေး - နယုန် တန်ဆောင်မုန်းလအထိ စပါးနှင့် သီးနှံမျိုးစုံ စိုက်ပျိုးကြသည်။ တန်ဆောင်မုန်းလပြည့်ကျော်မှ တပို့လအထိ မြေပဲကြက်သွန်များ စိုက်ကြသည်။ ကြက်သွန် ၊မြေပဲများမှာ အနည်းငယ်သာ စိုက်ပျိုးကြသဖြင့် အားလပ်ချိန် အနည်းငယ်ရှိပါသည်။

မွေးမြူရေး - ကြက်၊ နွားများကို တနိုင်တပိုင် မွေးမြူကြသည်။

နေ့စားလုပ်ငန်း- လယ်ယာစိုက်ပျိုးချိန်၊ ရိပ်သိမ်းချိန်၊ မြေပဲစိုက်ပျိုးချိန်၊ သိမ်းဆည်းချိန်များတွင် နေ့.စားလုပ်ကိုင်ကြသည်။

သဘာဝဘေးအန္တရာယ်- မိုးတွင်းကာလတွင် ရေကြီးခြင်းများ ဖြစ်သောကြောင့် ချောင်းတစ်ဖက်ကမ်းမှ အိမ်အချို့ ၂ပေ၊ ၃ပေခန့်. ရေလွှမ်းခြင်း၊ ကျောင်းသူ၊ ကျောင်းသားများအတွက် ချောင်းကူး တံတားမရှိသောကြောင့် စာသင်ချိန်ပျက်ခြင်း ၊စိုက်ပျိုးသီးနှံများ ပျက်စီးခြင်းများ ဖြစ်ပွားသည်။

ဝမ်းစာဖူလုံမှု - ၊တန်ခူးလမှ တော်သလင်းလပြည့်အထိ ဝမ်းစာဖူလုံမှုရှိပြီး တော်သလင်းလပြည့်ကျော်မှ သီတင်းကျွတ်လအထိ ဝမ်းစာဖူလုံမှုမရှိပါ။ တန်ဆောင်မုန်းလမှ တပေါင်းလအထိ ဝမ်းစာလုံလောက်မှုရှိပါသည်။

အလုပ်သမားရှားပါးမှု- လယ်ယာစိုက်ပျိုးချိန် ၊ရိတ်သိမ်းချိန်၊ မြေပဲစိုက်ပျိုးချိန်၊ သိမ်းဆည်းချိန်များတွင် လုပ်သား ရှားပါးမှုရှိပါသည်။

ပွဲတော်များ- တန်ခူးလတွင် သင်္ကြန်ပွဲတော် ပြုလုပ်ပါသည်။ ဝါဆိုလတွင် သင်္ဃန်းကပ်ပွဲတော်ရှိပါသည်။ သီတင်းကျွတ်လတွင် မီးထွန်းပွဲတော်ရှိပါသည်။ တပေါင်းလတွင် အလှူပွဲများရှိပါသည်။

## ၇.၁။ ကျေးရွာလူမှုရေးပြမြေပုံ ဆွေးနွေးချက် နှင့် သုံးသပ်ချက်များ



**ဆွေးနွေးချက်များ**

တောင်မော်ကျေးရွာသည် အိမ်ခြေ ၈၁ အိမ်ရှိပြီး လူမှုစီးပွားအဆင့် ( ချမ်းသာ၊ အလယ်အလတ် ၊ နွမ်းပါး ) ၃ဆင့်ဖြင့် နေထိုင်ကြပါသည်။ ပိုင်ဆိုင်မှု အဆင့်များ အားလုံး ပြန့်ကျဲစွာ နေထိုင်ကြပါသည်။ ကျေးရွာအနေဖြင့် သာရေး/နာရေး/လူမှုရေး တို့တွင် ပူးပေါင်းလုပ်ဆောင်ကြောင်း ဆွေးနွေးထားပါသည်။ ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားကြိုး မာန်တက် စည်းလုံးညီညွတ်စွာ လုပ်ဆောင်ကြောင်း တွေ့ရပါသည်။ လူမှုလုပ်ငန်းများ ကြိုးစားဆောင်ရွက်နေသည်များကို တွေ့ရပါသည်။

**သုံးသပ်ချက်**

လူနေထိုင်မှုပုံစံမှာ - တောင်မော်ကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ် အရှေ့မြောက်ဘက်တွင် တည်ရှိပြီး အိမ်ခြေ(၈၁)အိမ်၊ လူဦးရေကျား (၂၂၈)ဦး၊ မ (၂၅၁)ဦးရှိသည်။ ရွာသည် ချောင်းဘေးတွင် ရှိသောကြောင့် ချောင်းတစ်ဖက်ကမ်းတွင် အိမ်ခြေ အနည်းငယ်ရှိသည်။ ထိုအိမ်များသည် ရေကြီးလျှင် ၃ပေ၊၄ပေခန့် ရေလွှမ်းခံကြရသည်။ လူမျိုးစုမှာ ကဒူးလူမျိုးများဖြစ်ကြပြီး ဗုဒ္ဓဘာသာကို ကိုးကြသည်။ အ.လ.က(ခွဲ)ကျောင်းရှိပြီး မကြာခဏရေကြီးလျှင် တံတားမရှိသောကြောင့် တစ်ဘက်ကမ်းမှ ကလေးများ ကျောင်းချိန် နောက်ကျခြင်း၊ ပျက်ကွက်ခြင်းများ ဖြစ်တတ်ပါသည်။ အသက်ဝမ်းကျောင်း လုပ်ငန်းအဖြစ် စပါး၊မြေပဲကို အဓိကစိုက်ပျိုးကြသည်။

လမ်းပန်းဆက်သွယ်ရေး- တောင်မော်ကျေးရွာမှ ပင်လည်ဘူးသို့၂၅မိုင်ခန့်. ဝေးကွာပြီး၊ ချောင်းလေးတန် ဖြတ်ကူးရပါသည်။ ၁၀မိုင်ခန့်မှာ ကျောက်ချောလမ်းဖြစ်ပြီး ၁၅မိုင်ခန့်.မှာ မြေသားလမ်းဖြစ်သဖြင့် မိုးတွင်းကာလတွင် သွားရေးလာရေး ခက်ခဲလှပါသည်။ ကျန်းမာရေးအတွက် ကလေးမွေးဖွားရန် အရပ်လက်သည်ရှိပါသည်။ တောင်မော်ကျေးရွာနှင့် ၅မိုင်ခန့်.အကွာတွင်ရှိသော နောင်ကန်ကျေးရွာ ဆေးပေးခန်းသို့. သွားရောက်ကုသခြင်းနှင့် တစ်လတစ်ကြိမ် ကျန်းမာရေးဌာနမှ လာရောက်ကြည့်ရှုပေးခြင်းများရှိသော်လည်း မိုးတွင်းကာလတွင် ကျန်းမာရေးချို့ချာကြသော်လည်း သွားရောက် ကုသနိုင်ခြင်းများ မပြုလုပ်နိုင်ကြပါ။

သောက်သုံးရေ- သောက်သုံးရေအတွက် စိမ့်စမ်းရေရရှိသဖြင့် တစ်ရွာလုံးလုံလောက်စွာအသုံးပြုနိုင်ပါသည်။

အခြား- မိုးတွင်းကာလတွင် မကြာခဏ ရေကြီးခြင်းဖြစ်သောကြောင့် တစ်ဖက်ကမ်းမှ ကျောင်းသားကျောင်းသူများနှင့် ခရီးသွားများ ချောင်းကူး တံတားမရှိသောကြောင့် လိုရာခရီးမရောက်ဘဲ နောင့်နှေးကြံကြာခြင်း၊ ရေကြီး၍ တာဘိုင်(မီးလင်းရေး) ဆည်ပြိုကျလျှင် ရွာသူရွာသားများနှင့် ဝေးကွာခြင်း၊ ကျောင်းမိုးဘားမရှိသောကြောင့် ကလေးများ ကျန်းမာရေး ထိခိုက်ခြင်းစသည်တို့.မှာ ကျေးရွာအဓိက အခက်အခဲများဖြစ်သည်။

## ၇.၂။ကျေးရွာအရင်းအမြစ်ပြမြေပုံနှင့်သုံးသပ်ချက်




## ဆွေးနွေးချက်များ

တောင်မော်ကျေးရွာသည် ဖွံ့ဖြိုးရေးလုပ်ငန်းအတွက် အရင်းအမြစ် ရရှိရန်မှာ သစ်များ ဝါးများ ထုတ်ယူသုံးစွဲနိုင်ပါသည်။ တောင်ဖက်ချောင်းမှ သဲများ ကျောက်များ သုံးစွဲနိုင်ပါသည် ။ အိမ်သုံးထင်းများလည်း ထုတ်ယူသုံးစွဲပါသည်။ ချောင်းများ မြောင်းမှ စိုက်ပျိုးရေ သွင်းယူနိုင်ပါသည်။ ရေအရင်းအမြစ်ကို အသုံးပြု၍ တာပိုင်လျှပ်စစ်မီးများကို ထုတ်ယူသုံးစွဲခြင်းများကို အုပ်စုဖွဲ့ ဆွေးနွေးခဲ့ပါသည်။

## သုံးသပ်ချက်များ

**ပတ်ဝန်းကျင်ရှိအရင်းအမြစ်များ၊** တောင်မော်ကျေးရွာသည် အရှေ့အနောက်တည်ရှိသည်။ ရွာတောင်ဘက်တွင် အရှေ့အနောက် စီးဆင်းနေသောချောင်းရှိသည်။ ထိုချောင်းမှ ရေကိုဆည်မြောင်းဖြင့် သွယ်ယူပြီး ရွာ၏အနောက်ဘက်နှင့် မြောက်ဘက်တွင်ရှိသော လယ်ကွင်းများသို့ စိုက်ပျိုးရေအတွက် အသုံးပြုကြသည်။ အရှေ့ဘက်နှင့် တောင်ဘက်တွင် တောတန်းရှိပြီး ကျွဲ၊နွား၊ကြက်၊ဝက်များကို တနိုင်တပိုင်မွေးမြူကြသည်။ စားကျက်မြေများလည်းရှိပြီး လယ်ကွင်းများတွင် စပါး၊မြေပဲများကို အဓိကစိုက်ပျိုးကြသည်။ အဓိကပြဿနာမှာ သီးနှံစိုက်ပျိုးရေးနည်းပညာနှင့် မျိုးစေ့များမရှိခြင်း၊ အရင်းအနှီးမရှိခြင်း၊ လမ်းပန်းဆက်သွယ် ရေးခက်ခဲခြင်းတို့ကြောင့် စီးပွားရေး၊ပညာရေး၊ လူမှုရေးများအားနည်းပါသည်။ သဘာဝအရင်းအမြစ်များကို စနစ်တကျထုတ်ယူသုံးစွဲနေကြပါသည်။

## ၈.၁။ အမျိုးသားများတင်ပြသော ပြဿနာသစ်ပင် နှင့် ဖြေရှင်းနည်းလမ်း



**ဆွေးနွေးချက်များ**

တောင်မော်ကျေးရွာတွင် အမျိုးသားများ ရွာချင်းဆက်တံတားများ တည်ဆောက်လိုခြင်း၊ စာသင်ကျောင်းမျက်နှာကျက် တပ်ဆင်လိုခြင်း၊ တာပိုင်ဆည်များ ပြုပြင်လိုခြင်း၊ ဆေးပေးခန်းများလိုအပ်ခြင်း၊ မူကြိုကျောင်းများ မရှိသေးပါ။ ကျေးရွာချင်းဆက် လမ်းများပြုပြင်လိုခြင်း များ လိုအပ်လျှက်ကြောင်း အုပ်စုဖွဲ့ဆွေးနွေးကြပါသည်။

**သုံးသပ်ချက်များ**


တောင်မော်ကျေးရွာတွင် ရွာချင်းဆက်တံတားများ / လမ်းများပြုပြင်ပါက သွားလာရလွယ်ကူ လာမည်။ စာသင်ကျောင်းမျက်နှာကျက် ရရှိပါက ကလေးများ လွတ်လပ်အေးချမ်းစွာ ပညာသင်ကြားနိုင်မည်။ ရွာပြင်/ ဆေးပေးခန်းရှိပါက ကျန်းမာရေးကောင်းမွန်လာမည်၊ ရွာတွင်း လမ်းများကောင်းပါက သွားလာရလွယ်ကူလာမည်။ အားလုံးစုပေါင်းဆောင်ရွက်ရန် ဆွေးနွေးသုံးသပ်ကြပါသည်။

- တံတားများဆောက်လိုခြင်း
- စာသင်ကျောင်းမျက်နှာကျက်လိုအပ်ခြင်း
- ဆေးပေးခန်းဆောက်လိုခြင်း
- တာပိုင်ဆည်ပြုပြင်လိုခြင်း
- မူကြိုကျောင်းတည်ဆောက်လိုခြင်း

စိုက်ပျိုးရေး မွေးမြူရေး ဆောင်ရွက်လုပ်ကိုင်ခြင်း မရှိသည့်အတွက် မိသားစု ဝင်ငွေများနည်းပါးခြင်း၊ လူနေထိုင်မှုဘဝ နိမ့်ကျခြင်း ဆေးပေးခန်းမရှိသောကြောင့် ကျန်းမာရေးစောင့်ရှောက်မှု အားနည်းပါသည်။

- စိုက်ပျိုးရေး မွေးမြူရေး ဆောင်ရွက်လုပ်ကိုင်ခြင်း မရှိသည့်အတွက် မိသားစု ဝင်ငွေများနည်းပါးခြင်း၊ လူနေထိုင်မှုဘဝ နိမ့်ကျခြင်းများကြုံတွေ့ခဲ့ရကြောင်းတွေ့ရပါသည်။

## ၈.၂။ အမျိုးသမီးများတင်ပြသော ပြဿနာသစ်ပင် နှင့် ဖြေရှင်းနည်းလမ်း



**ဆွေးနွေးချက်များ**

တောင်မော်ကျေးရွာတွင် အမျိုးသမီး ရွာချင်းဆက်တံတားများ တည်ဆောက်လိုခြင်း၊ စာသင်ကျောင်းမျက်နှာကျက် တပ်ဆင်လိုခြင်း၊ တာပိုင်ဆည်များ ပြုပြင်လိုခြင်း၊ ဆေးပေးခန်းများလိုအပ်ခြင်း၊ မူကြိုကျောင်းများ မရှိသေးပါ။ ကျေးရွာချင်းဆက် လမ်းများပြုပြင်လိုခြင်း များ လိုအပ်လျှက်ကြောင်း အုပ်စုဖွဲ့ ဆွေးနွေးကြပါသည်။

**သုံးသပ်ချက်များ**


တောင်မော်ကျေးရွာတွင် ရွာချင်းဆက်တံတားများ / လမ်းများပြုပြင်ပါက သွားလာရလွယ်ကူ လာမည်။ စာသင်ကျောင်းမျက်နှာကျက် ရရှိပါက ကလေးများ လွတ်လပ်အေးချမ်းစွာ ပညာသင်ကြားနိုင်မည်။ ရွာပြင်/ ဆေးပေးခန်းရှိပါက ကျန်းမာရေးကောင်းမွန်လာမည်၊ ရွာတွင်း လမ်းများကောင်းပါက သွားလာရလွယ်ကူလာမည်။ အားလုံးစုပေါင်းဆောင်ရွက်ရန် ဆွေးနွေးသုံးသပ်ကြပါသည်။

- တံတားများဆောက်လိုခြင်း
- စာသင်ကျောင်းမျက်နှာကျက်လိုအပ်ခြင်း
- ဆေးပေးခန်းဆောက်လိုခြင်း
- တာပိုင်ဆည်ပြုပြင်လိုခြင်း
- မူကြိုကျောင်းတည်ဆောက်လိုခြင်း

စိုက်ပျိုးရေး မွေးမြူရေး ဆောင်ရွက်လုပ်ကိုင်ခြင်း မရှိသည့်အတွက် မိသားစု ဝင်ငွေများနည်းပါးခြင်း၊ လူနေထိုင်မှုဘဝ နိမ့်ကျခြင်း ဆေးပေးခန်းမရှိသောကြောင့် ကျန်းမာရေးစောင့်ရှောက်မှု အားနည်းပါသည်။

- စိုက်ပျိုးရေး မွေးမြူရေး ဆောင်ရွက်လုပ်ကိုင်ခြင်း မရှိသည့်အတွက် မိသားစု ဝင်ငွေများနည်းပါးခြင်း၊ လူနေထိုင်မှုဘဝ နိမ့်ကျခြင်းများကြုံတွေ့ခဲ့ရကြောင်းတွေ့ရပါသည်။

## ၉။ ဦးစားပေးအစီအစဉ်ပြဇယား (Matrix Ranking)



## ဆွေးနွေးချက်များ

တောင်မော်ကျေးရွာတွင် ကျေးရွာလူထုမှ အမျိုးသား/သမီးများဝိုင်းဖွဲ့၍ အခက်အခဲများ ဖော်ထုတ်ခဲ့ကြပါသည်။ ဦးစားပေးရွေးချယ်ရာတွင် ထည့်သွင်းစဉ်စားရမည့် အချက်များဖြစ်သည့် အကျိုးပြုလူဦးရေ / အပယ်ခံအကျိုးခံစားရမှု ကျေးရွာဖွံ့ဖြိုးရေးအတွက် လိုချင်တာနှင်လိုအပ်တာစသည့် အချက်များ အကျိုးဖြစ်ထွန်းမှု အလိုက် ကျေးရွာအတွက် အကျိုးရှိသောလုပ်ငန်းများကို ဆွေးနွေးခဲ့ပါသည်။

## သုံးသပ်ချက်များ

**စီမံကိန်းပထမနှစ်-** ရွာတွင်းရှိတံတားများ ကျောက်ကြီးစီသစ်သားတံတားများ ဆောက်လုပ်ပြီးစီးခဲ့ပါသည်။

**စီမံကိန်းဒုတိယနှစ်တွင်-** တောင်ကုန်းကျေးရွာအုပ်စုတွင် ရွာပေါင်း ၅ ရွာရှိသဖြင့် ကျေးရွာများ၏ လိုအပ်ချက်အရ စီမံကိန်းဒုတိယနှစ်တွင် တောင်ကုန်းကျေးရွာမှ တံတား(၂)စင်းပြုပြင်ခြင်းလုပ်ငန်း၊ နားနန်းကျေးရွာမှ တံတားဆောက်လုပ်ခြင်း၊ တောင်မော်ကျေးရွာမှ ကြိုးတံတားဆောက်လုပ်ခြင်း လုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်သွားပါမည်။

**စီမံကိန်းတတိယနှစ်တွင်-** ကျန်သောကျေးရွာ (၃)ရွာဖြစ်သည့် မြောက်မော်ကျေးရွာမှ ကျေးရွာခန်းမတည်ဆောက်ခြင်းလုပ်ငန်း ၊ တောင်မော်ကျေးရွာမှ စာသင်ကျောင်းမျက်နှာကျက်လုပ်ငန်း၊ နားနန်းကျေးရွာတွင် ကျေးရွာခန်းမတည်ဆောက်ခြင်း လုပ်ငန်းများ အကောင်အထည်ဆောင်ရွက်သွားပါမည်။

**စီမံကိန်းစတုတ္ထနှစ်တွင်** ကျေးရွာအားလုံးမှ လုပ်ငန်းခွဲများအတွက် ရံပုံငွေကျပ်သိန်း ၂၂၀ကို တောင်ကုန်းကျေးရွာ၊ ကော်တာကျေးရွာများမှ အညီအမျှခွဲဝေယူ၍ လုပ်ငန်းများ ဆောင်ရွက်သွားကြရန် အများသဘောတူ ဆုံးဖြတ်ထားခဲ့ကြပါသည်။

## ၁၀။ ဗင်းပုံစံကိုသုံးပြု၍ အဖွဲ့အစည်းများချိတ်ဆက်မှု နှင့် သုံးသပ်ချက်



**ဆွေးနွေးချက်**

တောင်မော်ကျေးရွာသည် လူထုနှင့် ချိတ်ဆက်ဆောင်ရွက်နေသည့် အဖွဲ့အစည်းများ၏ ပူးပေါင်းဆောင်ရွက်မှု အနေအထားများကို စုပေါင်းဆွေးနွေးခဲ့ကြပါသည်။ ကျေးရွာတွင်း အဖွဲ့အစည်းများ ချိတ်ဆက်ဆောင်ရွက်မှု ပူးပေါင်းအဖြေရှာ ဆောင်ရွက်မှုများကို ကျေးရွာလူထုနှင့် ဆွေးနွေးခဲ့ပါသည်။ အသက်မွေး ဝမ်းကျောင်း လုပ်ငန်းအတွက် အရင်းအနှီးရရှိရန် မြို့နယ် သမဝါယမအသင်း၊ ချေးငွေပံ့ပိုးသည့်ဌာန၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက် ဆောင်ရွက်နိုင်ပြီး စိုက်ပျိုးရေးထုတ်ကုန် တိုးချဲ့ဆောင်ရွက်သင့်ပါသည်။

**သုံးသပ်ချက်**

ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ -

ကျေးရွာလူထုနှင့် အဖွဲ့အစည်းများ ချိတ်ဆက်ဆောင်ရွက်နေသည့် အနေအထားမှာ အုပ်ချုပ်ရေးအဖွဲ့၊ ကျောင်းကော်မတီအဖွဲ့၊ အမျိုးသား၊အမျိုးသမီးများအဖွဲ့၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဂေါပက၊ ဓမ္မစကြာအဖွဲ့၊ ရပ်မိရပ်ဖအဖွဲ့များနှင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး၊ ကျေးရွာအကျိုးပြု လုပ်ငန်းများ ချိတ်ဆက် ဆောင်ရွက်ကြပါသည်။

ကျေးရွာပြင်ပအဖွဲ့အစည်းများ -

ကျေးရွာပြင်ပရှိ အဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်နေမှု အနေအထားမှာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပညာရေးဌာန၊ ကျန်းမာရေးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၊ လူထုဗဟိုပြုစီမံကိန်း ၊ တိ/မွေးကု၊ သစ်တော၊ သမ၊ စိုက်ပျိုးရေး၊ မြေစာရင်းဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်မှုရှိပြီး ကျေးရွာသားများအနေဖြင့် သက်ဆိုင်ရာကဏ္ဍအလိုက် လိုအပ်သော အကူအညီတောင်းခံမှုမှာ မရှိသလောက် နည်းပါး ပါသည်။

## ၁၂။ ပင့်ကူအိမ်ကွန်ယက် နှင့် သုံးသပ်ချက်



## ဆွေးနွေးချက်များ

တောင်မော် ကျေးရွာတွင် ခေါင်းစဉ် (၈) ခုဖြင့် ဆွေးနွေးကြပါသည်။ ခေါင်းစဉ်များမှာ ပူးပေါင်းပါဝင်ဆောင်ရွက်မှု၊ ဝင်ငွေရရှိမှု၊ အလုပ်အကိုင်အခွင့်အလမ်း ၊ ပညာတတ်မြောက်မှု၊ အရင်းအမြစ်လက်လှမ်းနိုင်မှု၊ ခေါင်းဆောင်မှု အခြေအနေ၊ ဆုံးဖြတ်ချက်ချမှု၊ အိမ်မှုကိစ္စဆောင်ရွက်မှုများကို အုပ်စုဖွဲ့ ဆွေးနွေးခဲ့ကြပါသည်။

## သုံးသပ်ချက်များ

တောင်မော်ကျေးရွာ သည် ရပ်ရေးရွာရေးတွင် ပူးပေါင်းပါဝင်မှု ရပ်ရေးရွာရေးတွင် ပူးပေါင်းပါဝင်မှုတွင် အမျိုးသမီးများနှင့် အမျိုးသားများ တန်းတူရှိပါသည်။ ဝင်ငွေရရှိမှုမှာ အမျိုးသမီးများ၏ ဝင်ငွေရရှိမှုမှာ အမျိုးသားများနှင့် တန်းတူအနေအထား တွေ့ရပါသည်။ အလုပ်အကိုင်အခွင့်အလမ်း အလုပ်အကိုင်အခွင့်အလမ်းရရှိမှုတွင် အမျိုးသားများကပိုမိုနေပြီး စိုက်ပျိုးရာသီပြီးချိန် အမျိုးသားများက မြို့နယ်ပြင်ပသို့ သွားရောက်လုပ်ကိုင်နေကြ၍ဖြစ်ပါသည်။ ပညာတတ်မြောက်မှုတွင် ကော်တာကျေးရွာအနေဖြင့် ပညာသင်ကြားခွင့်နှင့် ပညာတတ်မြောက်မှုတွင် အမျိုးသမီးများက ပိုမိုနေသည်ကို တွေ့မြင်ရပါသည်။ လုပ်ငန်းခွင်များတွင် အမျိုးသားများသာ လုပ်ကိုင်ကြသဖြင့် ပညာရေးတွင် အမျိုးသားများ အားနည်းနေပါသည်။ အရင်းအမြစ်အပေါ် လက်လှမ်းမှီမှု အရင်းအမြစ်အပေါ်အမှီပြု၍ အသက်မွေးဝမ်းကြောင်းပြုနိုင်မှုမှာ ကွာဟချက်ရှိပါသည်။ အကြောင်းမှာ တောတောင်များအမှီပြု၍ လုပ်ဆောင်သော လုပ်ငန်းများက အမျိုးသမီးထက် အမျိုးသားများက ပိုမိုကိုင်နိုင်ခြင်းကြောင့်ဖြစ်ပါသည်။ ရပ်ရေးရာရေးတွင် ခေါင်းဆောင်မှုမှာ ရပ်ရေးရွာရေး ကိစ္စများတွင်အရေးပါမှုနှင့် ဆုံးဖြတ်ချက်ချသည့် နေရာများတွင် အမျိုးသမီးများ၏ အဆင့်နေရာသည် များစွာကွာဟမှုရှိနေပြီး တန်းတူမှုမရရှိသေးပါ။ ထို့ကြောင့် အမျိုးသမီးများ အားနေရာပေးမှုမှာ အစဉ်အလာအရ အမျိုးသားများက နေရာယူထားပြီး အမျိုးသမီးများကလည်းနေရာယူတတ်ရန် နှင့် စွမ်းဆောင်ရည်ရှိရန် လိုအပ်နေပါသေးသည်။ အိမ်မှုကိစ္စဆောင်ရွက်မှုများမှာ အိမ်မှုကိစ္စဆောင်ရွက်မှုတွင် အမျိုးသမီးများက အဆင့်ပိုနေသည်ကို တွေ့ရပါသည်။ အမျိုးသားများ အနေဖြင့် အိမ်မှုကိစ္စကို ဝိုင်းကူဆောင်ရွက်ပေးရန် လိုအပ်နေပါသည်။

၁၀။ ကျားမရေးရာကို ခွဲခြမ်းစိတ်ဖြာခြင်း



## ဆွေးနွေးချက်

တောင်မော်ကျေးရွာတွင် ကျားမရေးရာခွဲခြမ်းစိတ်ဖြာခြင်းနှင့် ပတ်သက်၍ အမျိုးသားများနှင့်အမျိုးသမီးများ၏ အရင်းအမြစ်အသုံးပြုမှုနှင့် ထိန်းချုပ်မှုများကို လေ့လာသုံးသပ်ဆွေးနွေးရာတွင် အမျိုးသားများသည် သစ်၊သဲ၊ကျောက်၊ကျွဲ၊နွားများကို အသုံးပြုမှုရှိပြီး အမျိုးသမီးများမှာ တောထွက်ပစ္စည်း၊ အိမ်မွေးတိရစ္ဆာန်၊ ရွှေကိုအသုံးပြုမှုရှိကြောင်း ဆွေးနွေးခဲ့ကြပါသည်။ စပါး၊ ရွှေ၊ လယ်၊ ကျားမနှစ်မျိုးစလုံးက အသုံးပြုကြကြောင်းကို ဆွေးနွေးခဲ့ကြပါသည်။ ထိန်းချုပ်မှုပိုင်းတွင် အမျိုးသားများမှ သစ်၊ဝါး၊ကျွဲ၊နွားများကို ထိန်းချုပ်နိုင်သော်လည်း အမျိုးသမီးများမှာ ရွှေ၊ရေတို့ကိုထိန်းချုပ်နိုင်မှုရှိကြောင်း ဆွေးနွေးခဲ့ကြပါသည်။ ရွှေ၊လယ်၊ဆန်၊စပါးတို့ကို အမျိုးသား၊သမီးနှစ်ဦးစလုံးက ထိန်းချုပ်ခဲ့ကြောင်းကို ဆွေးနွေးခဲ့ကြပါသည်။

## သုံးသပ်ချက်

တောင်မော်ကျေးရွာ၏ ကျားမရေးရာနှင့် ပတ်သက်ပြီး အမျိုးသားများက ကျွဲနွားများကို အသုံးပြုမှုရှိပြီး အမျိုးသမီးများက ရွှေကိုသာ အသုံးပြုမှုရှိကြောင်း တွေ့ရပါသည်။ စပါး၊ ပဲ၊နှမ်း၊ ငွေကြေး၊ သစ်တောထွက်ပစ္စည်းနှင့် အိမ်မွေးတိရစ္ဆာန်တို့ကို ကျားမနှစ်ဦးစလုံးက သုံးစွဲမှုရှိကြောင်းတွေ့ရပါသည်။ အမျိုးသားများက ကျောက်သဲကို ထိန်းချုပ်မှုရှိပြီး အမျိုးသမီးများအနေဖြင့် ထိန်းချုပ်မှုမရှိကြောင်း တွေ့ရပါသည်။ ကျားမနှစ်မျိုးစလုံးမှာ ရွှေ၊ပါး၊ပဲ၊နှမ်း၊ကျွဲ၊နွား၊ငွေကြေး၊ အိမ်မွေးတိရစ္ဆာန်တို့ကို ထိန်းချုပ်မှုရှိကြောင်းတွေ့ရပါသည်။

၁၁။ ကျေးရွာအိပ်မက်ပြမြေပုံ နှင့် သုံးသပ်ချက်



## ဆွေးနွေးချက်

တောင်မော် ကျေးရွာတွင် ကျေးရွာလူထုဖြစ်စေချင်သော အနာဂတ်ဖြစ်ပေါ်လာနိုင်သော ကျေးရွာလေးအဖြစ် ဆေးပေးခန်းများရှိ၍ ကျန်းမာရေးကောင်းမွန်လာမည်။ စာသင်ကျောင်းမျက်နှာကျက်ကောင်းမွန်မည်။ ကျေးရွာချင်းဆက်လမ်း ၊ တံတားများဆောက်လုပ်နိုင်ခြင်း၊ ကလေးများ ဗဟုသုတဖွံ့ဖြိုးတိုးတက်လာစေရန် မူကြိုကျောင်းများ ဆောက်လုပ်ခြင်း၊ သောက်သုံးရေလုံလောက်မှုရှိစေရန် စက်ရေတွင်းရေကန်များ တည်ဆောက်ခြင်း၊ အုပ်စုတွင်း လမ်းများကောင်းမွန်ပြီး လျှပ်စစ်မီးများလင်းခြင်းဖြင့် ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းချက်များကို ဆွေးနွေးခဲ့ကြပါသည်။ စပါး၊ပဲ၊နှမ်းကို လုပ်ကိုင်ကြသော်လည်း နည်းပညာမရှိမှုတို့ကြောင့် သီးနှံထွက်နှုန်းကျဆင်းကြောင်းကို ဆွေးနွေးခဲ့ကြပါသည်။ စိုက်ပျိုးရေးနည်းပညာ၊ မွေးမြူရေးနည်းပညာ၊ ဆိုင်ကယ်ပြင်သင်တန်း၊ လက်မှုပညာများ တတ်မြောက်ပါက လူမှုရေး၊ စီးပွားရေး၊ ကျန်းမာရေးများ အဆင်ပြေပြီး ဖွံ့ဖြိုးတိုးတက်သော ကျေးရွာဖြစ်လာတော့မည်ဆိုသည့် အကြောင်းကို ဆွေးနွေးခဲ့ကြပါသည်။

## သုံးသပ်ချက်

တောင်မော် ကျေးရွာတွင်းလမ်းများကို မြေသားလမ်းများပြုလုပ်ခြင်း ကျေးရွာချင်းဆက်တံတားများ ဆောက်လုပ်ထားခြင်းကြောင့် ရာသီမရွေးသွားလာနိုင်မည်။ တာဘိုင်ရေမြောင်းပြုပြင်ထားခြင်းကြောင့် ကလေးများ ညအချိန်ကောင်းစွာ စာကျက်နိုင်မည်။ စိမ့်စမ်းရေသွယ်တိုးချဲ့ခြင်းကြောင့် သောက်သုံးရေဖူလုံမှုရှိခြင်း၊ လမ်းပန်းဆက်သွယ်ရေးများ ကောင်းမွန်ခြင်း ပညာရေးဗဟုသုတများ ပြည့်စုံခြင်း စီးပွားရေးလုပ်ငန်းများ တိုးတက်လာသောကြောင့် လူနေထိုင်မှုစနစ်မှုများ တိုးတက်လာမည်။ စိုက်ပျိုးရေးများ၊ မွေးမြူရေးကဏ္ဍအလိုက် လုပ်ဆောင်ရန် လိုအပ်ပါသည်။

## ၇။ ကော်မတီဝင်များရွေးချယ်ခြင်းနှင့် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ဆောင်ရွက်မှု မှတ်တမ်းဓါတ်ပုံများ



အမျိုးသားအုပ်စု၏ မှတ်တမ်းဓါတ်ပုံ





အမျိုးသမီးအုပ်စု၏ မှတ်တမ်းဓါတ်ပုံ



၂



အစည်းအဝေး မှတ်တမ်းဓါတ်ပုံ



ကော်မတီ မှတ်တမ်းဓါတ်ပုံ



စေတနာ့ဝန်ထမ်းများ ရွေးချယ်ခြင်း မှတ်တမ်းဓါတ်ပုံ



ကော်မတီရွေးချယ်ခြင်း မှတ်တမ်းဓါတ်ပုံ




ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်း မှတ်တမ်းဓါတ်ပုံ



ကမ္ဘာဘဏ်ကိုယ်စားလှယ်လာရောက် မှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီ မှတ်တမ်းဓါတ်ပုံ



လုပ်ငန်းခွဲ၏မပြုလုပ်မီ မှတ်တမ်းဓါတ်ပုံ

၁၈။ ကော်မတီဝင်များစာရင်း

| စဉ် | အမည် | ကျား-မ | ရာထူး |
|---|---|---|---|
| ၁ | ဦးချင်းလွယ် | ကျား | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ |
| ၂ | ဒေါ်မြင့်အေး | မ | ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မတီ၊ ဥက္ကဌ |
| ၃ | ဦးအောင်မောင်း | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ ဥက္ကဌ |
| ၄ | ဒေါ်ချစ်နု | မ | ဝယ်ယူရေးဆပ်ကော်မတီ၊ မှတ်တမ်းထိမ်း |
| ၅ | ဦးအောင်ကံ | ကျား | ဝယ်ယူရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၆ | ဦးဝင်းဦး | ကျား | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ ဥက္ကဌ |
| ၇ | ဒေါ်စိန်းချိုအေး | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ဝင် |
| ၈ | ဒေါ်ခင်ငွေး | မ | စောင့်ကြည့်ကြီးကြပ်ရေးဆပ်ကော်မတီ၊ အဖွဲ့ ဝင် |
| ၉ | ဦးအောင်မြင့်နိုင် | ကျား | လုပ်ငန်းလည်ပတ်ရေး နှင့် ပြုပြင်ထိန်းသိမ်းရေး ဆက်ကော်မတီ၊ ဥက္ကဌ |
| ၁၀ | ဒေါ်ဝင်းအေး | မ | လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးအဖွဲ့ ဝင် |
| ၁၁ | ဒေါ်ခင်မာထွေး | မ | လုပ်ငန်းလည်ပတ်ရေးနှင့်ပြုပြင်ထိန်းသိမ်းရေးအဖွဲ့ ဝင် |
| ၁၂ | ဦးဇော်ဦး | ကျား | အကြံပြုချက်ဖြေရှင်းရေးအဖွဲ့. |
| ၁၃ | ဒေါ်ဇင်နွယ်ဦး | မ | အကြံပြုချက်ဖြေရှင်းရေးအဖွဲ့ |
| ၁၄ | ဦးထွန်းကြည် | မ | စေတနာ့ဝန်ထမ်း |
| ၁၅ | ဒေါ်မငယ် | မ | စေတနာ့ဝန်ထမ်း |
| ၁၆ | ဦးသိန်းလှိုင်ဦး | က | ကျေးရွာစာရင်းကိုင် |

စုစုပေါင်း။ (၁၄) ယောက်  ကျား-၇ ယောက် + မ-၇ ယောက်

**ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ**

ဦးချင်းလွယ်  ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ ဥက္ကဌ

ဒေါ်မြင့်အေး  ကျေးရွာအုပ်စုစီမံကိန်းအထောက်အကူပြုကော်မတီ၊ အဖွဲ့ဝင်

**မှတ်တမ်းတင်သူ -**

အမည်။ ဦးသိန်းထိုက်စိုး

ရာထူး။ လူထုစည်းရုံးရေးမှူး

ရက်စွဲ။ ၆ / ၂ / ၂၀၁၇

## ၉ ။ ပုံစံ စ-၁။ ကျေးရွာအချက်အလက်

### ပုံစံ - စ - ၁ ကျေးရွာအခြေခံအချက်အလက်များ (Form PC 1)

*လမ်းညွှန်ချက်။* ကျေးရွာတစ်ရွာသို့ ပထမဆုံးမိတ်ဆက်ခရီး သွားရောက်သောအခါ လူထုစည်းရုံးရေးမှူးသည် ကျေးရွာခေါင်းဆောင်များအား ကျေးရွာအချက်အလက်များကို မေတ္တာရပ်ခံ၍ တောင်းခံရသည်။ ဤအချက်အလက်များကို စီမံကိန်းမိတ်ဆက်အစည်းဝေးမတိုင်မီတောင်းခံရမည်။ စီမံကိန်းမိတ်ဆက်အစည်းဝေးတွင် လူထုစည်းရုံးရေးမှူးသည် ဤအချက်အလက်များအား စစ်ဆေးပြီး မှန်ကန်အောင်ပြုလုပ်ရမည်။ ပြီးနောက်တွင် လူထုစည်းရုံးရေးမှူးမှ သတင်းအချက်အလက်ထဲသို့ Tablets မှတဆင့် ဖြည့်သွင်းရမည်။

| ကျေးရွာခေါင်းဆောင် အမည် | ကျေးရွာခေါင်းဆောင်၏ ဖုန်းနံပါတ် | လူထုစည်းရုံးရေးမှူး၏ အမည် |
|---|---|---|
| ဦးတင်ဝေ | 09,456016461 | ဦးသိန်းထိုက်ရှိ |

| ပြည်နယ်/5tတိုင်းဒေသကြီး | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ |
|---|---|---|---|
| စစ်ကိုင်း | ပုလဲ | ဖောင်ကျင်း | တောင်ဖော် |

က။ လူဦးရေ

| လူမျိုးစု | အိမ်ထောင်စုအရေအတွက် | ကိုးကွယ်သည့်ဘာသာ | အိမ်ထောင်စုအရေအတွက် |
|---|---|---|---|
| လူမျိုးစု (၁) ကရင် | ၈၁ | ဘာသာ (၁) ဗုဒ္ဓ | ၈၁ |
| လူမျိုးစု (၂) ------------ | | ဘာသာ (၂) ------------ | |
| လူမျိုးစု (၃) ------------ | | ဘာသာ (၃) ------------ | |
| လူမျိုးစုရော ------------ | | ဘာသာရော ------------ | |
| အခြား | | | |
| | အရေအတွက် | ကျား | မ |
| မသန်စွမ်းသူများ | ၄ | ၁ | ၃ |
| သက်ကြီးရွယ်အိုများ (၆၅ နှစ် နှင့် အထက်) | ၂၁ | ၅ | ၁၆ |
| စစ်ဘေးရှောင် | | | |

| | အမျိုးသား (အရေအတွက်) | အမျိုးသမီး (အရေအတွက်) |
|---|---|---|
| လူဦးရေ ၄၇၉ ကရင် | ၂၂၈ | ၂၅၁ |
| လူမျိုးစု (၁)---------- | | |
| လူမျိုးစု (၂)---------- | | |
| လူမျိုးစု (၃)---------- | | |
| အခြား | | |
| အိမ်ထောင်ဦးစီး | ၆၁ | ၂၀ |

**(ခ) အခြေခံအဆောက်အအုံ အသုံးအဆောင်များ**

| စာသင်ကျောင်း | အမှတ်ခြစ်ပါ | ကျန်းမာရေး | အမှတ်ခြစ်ပါ | ဘာသာရေး အဆောက်အအုံများ | အမှတ်ခြစ်ပါ |
|---|---|---|---|---|---|
| အထက်တန်းကျောင်း | ☐ | ဆေးရုံ | ☐ | စေတီ | ☑ |
| အလယ်တန်းကျောင်း | ☑ | ကျန်းမာရေးဌာန | ☐ | ဘုန်းကြီးကျောင်း | ☑ |
| မူလတန်းကျောင်း | ☐ | ကျန်းမာရေးဌာနခွဲ | ☐ | ဟိန္ဒူဘုရားကျောင်း | ☐ |
| မူကြိုကျောင်း | ☐ | ဆေးပေးခန်း | ☐ | ခရစ်ယာန်ကျောင်း | ☐ |
| အခြား | ☐ | အခြား | ☐ | ဗလီ | ☐ |
| | | | | အခြား | ☐ |
| *မှတ်ချက်* | | *မှတ်ချက်* | | *မှတ်ချက်* | |

([illegible]) ကျွမ်းကျင်သူများမှတ်တမ်း (ကျေးရွာတွင်နေထိုင်သော သို့မဟုတ် တခြားရွာမှလာရောက်သော ကျွမ်းကျင်သူများ)

| (၁) စာသင်ကျောင်း | | | (၂) ကျန်းမာရေး | | | (၃) လက်မှုပညာရှင် | | |
|---|---|---|---|---|---|---|---|---|
| | ရွာတွင်နေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ | | ရွာတွင်းနေထိုင်သူ | အခြားရွာမှလာသူ |
| မူလတန်းပြဆရာ/မ | ☑ | ☑ | ဆရာဝန် | ☐ | ☐ | လက်သမား | ☑ | ☐ |
| အထက်တန်းပြဆရာ/မ | ☐ | ☐ | လက်ထောက်ကျန်းမာရေးမှူး | ☐ | ☐ | ပန်းရံ | ☑ | ☐ |
| အလယ်တန်းပြဆရာ/မ | ☐ | ☑ | အမျိုးသမီးကျန်းမာရေးဆရာမ | ☐ | ☐ | လျှပ်စစ်ကျွမ်းကျင်၊ မီးသမား | ☑ | ☐ |
| မူကြိုဆရာ/မ | ☐ | ☐ | သားဖွားဆရာမ | ☐ | ☐ | ရေပိုက်သွယ်သူ | ☐ | ☐ |
| အခြား | ☐ | ☐ | ပြည်သူ့ကျန်းမာရေးလုပ်သား | ☑ | ☐ | စက်ပြင်ဆရာ | ☐ | ☐ |
| မှတ်ချက် | | | မှတ်ချက် | | | မှတ်ချက် | | |

(ဃ) ကျေးရွာသို့ရောက်ရှိနိုင်သည့် လမ်းအခြေအနေ /ကျေးရွာတစ်ရွာသည် ၎င်း၏ ကျေးရွာအုပ်စုနှင့် ဆက်သွယ်ထားသော လမ်းအခြေအနေ (အောက်ပါတို့ကိုဝိုင်းပါ)

ကျောက်ကြမ်းလမ်း ကတ္တရာလမ်း ကွန်ကရစ်လမ်း (မော်တော်ဆိုင်ကယ်လမ်း)

ကျောက်ခင်းလမ်း (မြေသားလမ်း) လူသွားလမ်း အခြား ____________

(င) ကျေးရွာဖွံ့ဖြိုးမှုစီမံချက်

ဝိုင်းပါ

(၁) လူထုဗဟိုပြုစီမံကိန်းမစတင်မီ ဤကျေးရွာတွင်ကျေးရွာဖွံ့ဖြိုးမှုစီမံချက်ရှိခဲ့ပါသလား? ရှိပါသည်/မရှိပါ ✓/မသိပါ

(၂) ရှိခဲ့ပါလျှင် ဤစီမံချက်ကို မည်သည့် ခုနှစ်တွင်ပြင်ဆင်ခဲ့ပါသနည်း? နှစ်--------/မသိပါ ✓

(၃)ဤစီမံချက်ကို မြို့နယ်မှအတည်ပြုခဲ့ပါသလား? ပြုခဲ့ပါသည်/မပြုခဲ့ပါ /မသိပါ ✓

(စ) ခရီးအကွာအဝေး

(၁) ဤကျေးရွာ၏ဗဟိုမှ ၎င်းကျေးရွာအုပ်စု၏ဗဟိုအထိ ခရီးမိုင်မည်မျှကွာဝေးသနည်း? မိုင်---4----/မသိပါ

(၂) ဤကျေးရွာမှ ၎င်းကျေးရွာအုပ်စုဗဟိုအထိ သွားလာရာတွင်ကြာမြင့်သည့်အချိန်။

ခြောက်သွေ့ရာသီတွင်ကြာချိန်---0:30--- ထော်လာဂျီ/မော်တော်ဆိုင်ကယ် ✓/ခြေလျင်/လှည်း/မော်တော်ဘုတ်/

အခြား ------------------

မိုးရာသီတွင်ကြာချိန်---1:00--- ထော်လာဂျီ/မော်တော်ဆိုင်ကယ်/ခြေလျင် ✓/လှည်း/မော်တော်ဘုတ်/

အခြား ------------------

(ဆ) ပတ်ဝန်းကျင်ဆိုင်ရာ သဘာဝဘေးအန္တရာယ်

ဤကျေးရွာတွင် ရေကြီးခြင်းကဲ့သို့ သဘာဝဘေးအန္တရာယ်ကျရောက်ဖူးခြင်း ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည် ရှိလျှင်ဖော်ပြပါ ---2016 ရေကြီး---

(ဇ) ကျေးရွာတွင် ဖွဲ့စည်းထားသော အဖွဲ့အစည်းများ

လူထုဗဟိုပြုစီမံကိန်းမတိုင်မီ ဤကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် အစိုးရ (သို့) ရွာသားများကိုယ်တိုင်(သို့) စီမံကိန်းတစ်ခုခုမှ ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများရှိပါသလား။

(၁) -----------------------------------

(၂) -----------------------------------

(၅) အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားခြင်း

ဤကျေးရွာသည် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန (GAD) မှ မှတ်တမ်းတင်ထားမှု ရှိပါသလား။

☐ မရှိပါ ☑ ရှိပါသည်

| | | |
|---|---|---|
| ကျေးရွာခေါင်းဆောင် | အမည် ဦးတင်ငွေး | |
| | လက်မှတ် [signature] | နေ့စွဲ 4.2.2017 |
| လူထုစည်းရုံးရေးမှူး | အမည် ဦးသိန်းထိုက်ဦး | |
| | လက်မှတ် [signature] | နေ့စွဲ 4.2.2017 |

## ၁၀ ။ ပုံစံ စ-၂။ စီမံကိန်းစက်ဝန်း အချိန်ဇယား

ပုံစံ - စ -၂ - စီမံကိန်းစက်ဝန်းအချိန်ဇယား (PC 2)

**လမ်းညွှန်ချက်။** သက်ဆိုင်ရာလူထုစည်းရုံးရေးမှူး/လက်ထောက်နည်းပညာမှူးများမှ စီမံကိန်းစက်ဝန်းအဆင့်တစ်ခုစီပြီးစီးတိုင်း ကျေးရွာနှင့် ကျေးရွာအုပ်စုအတွက် ဤပုံစံကို ဖြည့်သွင်းရမည်။

| | | | | | | | |
|---|---|---|---|---|---|---|---|
| စည်းရုံးရေးမှူး/ဝန်ထမ်း အမည် | ဦးသိန်းဆွေကျော် | | | | | | |
| နေ့စွဲ | 6.2.2017 | | | စက်ဝန်းအားအမှတ်ခြစ်ပါ □ စက်ဝန်း(၁) □ စက်ဝန်း(၂) □ စက်ဝန်း(၃) □ စက်ဝန်း (၄) | | | |
| ပြည်နယ်/တိုင်း | စစ်ကိုင်း | မြို့နယ် | ပင်လည်ဘူး | ကျေးရွာအုပ်စု | ကောင်ကျွန်း | ကျေးရွာ | ကောင်းမော် |

| စီမံကိန်းဆောင်ရွက်မှုအဆင့်များ | နေ့စွဲ | | အစည်းအဝေးတွင်တက်ရောက်သူအရေအတွက် | | | |
|---|---|---|---|---|---|---|
| | စတင်သည့်နေ့ | ပြီးဆုံးသည့်နေ့ | အမျိုးသား အရေအတွက် | အမျိုးသမီး အရေအတွက် | အိမ်ထောင်စု အရေအတွက် | လူမျိုးစုတက်ရောက်သူ အရေအတွက် နှင့် လူမျိုးစုအမည် |
| ၁။ ကျေးရွာစီမံကိန်း မိတ်ဆက်အစည်းအဝေး | 4.2.2017 | 4.2.2017 | ၃၉ | ၂၈ | ၈၁ | ၅၇ \| ကဒူး |
| ၂။ ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ရေးဆွဲခြင်း အစည်းအဝေး | 5.2.2017 | 5.2.2017 | ၃၀ | ၃၆ | ၈၁ | [illegible] \| ကဒူး |
| ၃။ ကျေးရွာအုပ်စု လုပ်ငန်းဆုံးဖြတ်ချက်ချသည့် အစည်းအဝေး | 6.2.2017 | 6.2.2017 | ၁၁ | ၁၀ | | ၂၂ \| ရှမ်း-၄ ကဒူး-၁၈ |
| ၄။ မြို့နယ်အဆင့် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေးကော်မတီ၏ စီမံကိန်း သုံးသပ်မှု အစည်းအဝေး | | | မလို | မလို | မလို | မလို |
| ၅။ မြို့နယ် စီမံကိန်းရေးဆွဲရေး နှင့် အကောင်အထည်ဖော်ရေး ကော်မီတီ၏ဆုံးဖြတ်မှုကို ရွာသို့ အသိပေး အကြောင်းကြားသည့် အစည်းအဝေး | 31.3.2017 | 31.3.2017 | ၃၉ | ၃၈ | ၈၁ | ၇၃ \| ကဒူး |
| ၆။ စီမံကိန်းလုပ်ငန်းခွဲစီမံချက်ရေးဆွဲခြင်း အစည်းအဝေး | | | | | | |
| ၆.၁။ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော် ရေးအစီအစဉ် ရေးဆွဲခြင်း | 31.3.2017 | 31.3.2017 | ၃၉ | ၃၈ | ၈၁ | ၇၃ \| ကဒူး |

| | | | | | | | |
|---|---|---|---|---|---|---|---|
| ၆.၂။ ဂယ်ပယ့ရေးအစီအစဉ် ရေးဆွဲခြင်း | 31.3.2017 | 31.3.2017 | ၃၇ | ၃၈ | ၈၁ | ၇၃ | ကဦး |
| ၆.၃။ ဘဏ္ဍာရေးကုန်ကျမှု လျာထားအစီအစဉ် ရေးဆွဲခြင်း | 31.3.2017 | 31.3.2017 | ၃၇ | ၃၈ | ၈၁ | ၇၃ | ကဦး |
| ၆.၄။ ပြင်/ထိန်းအစီအစဉ် ရေးဆွဲခြင်း | 31.3.2017 | 31.3.2017 | ၃၇ | ၃၈ | ၈၁ | ၇၃ | ကဦး |
| ၇။ စီမံကိန်းလုပ်ငန်းခွဲ တိုးတက်မှု စောင့်ကြည့် အစည်းအဝေး | | | | | | | |
| ၇.၁။ အစည်းအဝေး ပထမအကြိမ် | | | | | | | |
| ၇.၂။ အစည်းအဝေး ဒုတိယအကြိမ်<br>၇.၃။ အစည်းအဝေး တတိယအကြိမ် | | | | | | | |
| | ၁၆.၇.၂၀၁၇ | ၁၆.၇.၂၀၁၇ | ၂၃ | ၄၆ | ၈၁ | ၆၉ | ကဦး |
| ၈။ စီမံကိန်းလုပ်ငန်းခွဲ အပြီးသတ်စစ်ဆေးခြင်း အစည်းအဝေး | ၁၆.၇.၂၀၁၇ | ၁၆.၇.၂၀၁၇ | ၂၃ | ၄၆ | ၈၁ | ၆၉ | ကဦး |
| ၉။ လူထုစစ်ဆေးပွဲအစည်းအဝေး | ၁၆.၇.၂၀၁၇ | ၁၆.၇.၂၀၁၇ | ၂၃ | ၄၆ | ၈၁ | ၆၉ | ကဦး |

## ၁၁။ ပုံစံ စ-၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ်

### ပုံစံ - စ - ၃ ကျေးရွာဖွံ့ဖြိုးရေး ဦးစားပေးအစီအစဉ် (Form PC 3)

| | | | |
|---|---|---|---|
| လမ်းညွှန်ချက်။ အဆင့်(၃) ကျေးရွာမျှော်မှန်းချက်အစည်းအဝေး ပြီးဆုံးသောအခါ ကျေးရွာစီမံကိန်း အထောက်အကူပြုကော်မတီသည် လူထုစည်းရုံးရေးမှူးအကူအညီဖြင့် ဤပုံစံကိုပြည့်စုံအောင် ဖြည့်သွင်းရမည်။ | | | |
| လူထုစည်းရုံးရေးမှူး/ဝန်ထမ်း အမည် ဦးသိန်းထိုက်စိုး | | | |
| နေ့စွဲ 5.2.2017 | | စက်ဝန်းအား အမှတ်ခြစ်ပါ (√) ☐ စက်ဝန်း(၁) ☐ စက်ဝန်း(၂) ☐ စက်ဝန်း(၃) ☐ စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း စစ်ကိုင်း | မင်းလှ မြို့နယ် | ကျေးရွာအုပ်စု ကောင်းရှင် | ကျေးရွာ ကောင်းရင် |

က။ အခက်အခဲအတားအဆီးများအားဆွေးနွေးခြင်း - ယခုလက်ရှိအခြေအနေတွင် ဤကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိက အခက်အခဲအတားအဆီးများသည် မည်သည်များဖြစ်ပါသနည်း။ (အမျိုးသား/သမီး အနည်းဆုံးအခက်အခဲ ၅ ခုစီဖေါ်ပြပါ)

| အမျိုးသား အဖွဲ့မှ တင်ပြသောအခက်အခဲအတားအဆီးများ | | အမျိုးသမီး အဖွဲ့မှတင်ပြသောအခက်အခဲအတားအဆီးများ | |
|---|---|---|---|
| ၁ | ရွာလယ်ချောင်းကူးတံတား(မိုးတံတား) | ၁ | ရွာလယ်ချောင်းကူးတံတား |
| ၂ | ဆေးပေးခန်း | ၂ | ဆေးပေးခန်း |
| ၃ | ကျောင်းမိုးသွပ် | ၃ | ကျောင်းမိုးသွပ် |
| ၄ | တာဆိုင်ခဆည် | ၄ | မူကြိုကျောင်း |
| ၅ | တံတားမြဲမြင့်မြင့် | ၅ | ရွာစွန်လမ်း |
| | | ၆ | တာဆိုင်ခဆည် |
| | | ၇ | တာဆိုင်မြဲမြင့်မြင့် |
| | | | |
| | | | |
| | | | |

ခ။ မျှော်မှန်းခြင်း - နောင်လာမည့် ( ၅ )နှစ် အတွင်း ကျေးရွာဖွံ့ဖြိုးရေး မျှော်မှန်းလျာထားချက်များအား တင်ပြပါ။

| အမျိုးသားအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | | အမျိုးသမီးအဖွဲ့မှ တင်ပြသောမျှော်မှန်းချက်များ | |
|---|---|---|---|
| ၁ | ရွာလယ်ချောင်းကူးတံတား ဆောက်ပြီး လူအများ— | ၁ | ကျောင်းကူးတံတားဖြင့်ကျောင်းသား/သူများ ရွာလယ်ချောင်းကူးခြင်း |
| ၂ | သွားလာ။ | ၂ | ဆေးပေးခန်း၌ ဆေးဝန်ထမ်း/ဆရာ/ဆရာမ ရှိသည် |
| ၃ | ဆေးပေးခန်းဝင်း၌ ကျန်းမာရေး— | ၃ | ကျောင်းမိုးသွပ်တော်ဆင်တော့ ကလေးများ — |
| ၄ | ဆောင်ရွက် | ၄ | ကျန်းမာခြင်း |
| ၅ | ကျောင်းမိုးသွပ် တော်ဆင်ပြီးခြင်း | ၅ | မူကြိုကျောင်း ဖွင့် ကလေးများ ပညာသင်ကြားနိုင်ခြင်း |
| ၆ | တာဆိုင်ခဆည် တည်ဆောက်ပြီး အသုံးပြုစိုက်— | ၆ | ရွာစွန်ကျောက်ချောလမ်းဖြင့် သွားလာမှုလွယ်— |
| | ပျိုးနိုင်ခြင်း | | ကူခြင်း |
| ၇ | တစ်ရွာလုံး မီးရရှိပြီ | ၇ | တာဆိုင်ခဆည် တည်ဆောက်ပြီး၌ စိုက်ပျိုးမြေ [illegible] သည် |
| | | ၈ | တစ်ရွာလုံး ဓာတ်အားမီး ရရှိပြီ |
| | | | |

ဂ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက် အကျုံးဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | ခန့်မှန်းကုန်ကျ စရိတ် | အကျိုးခံစားခွင့်ရှိသူ ခန့်မှန်းခြေ အရေအတွက် |
|---|---|---|---|---|
| ၁ | [illegible] | ကျား + မ | [illegible] | [illegible] |
| ၂ | [illegible] | ကျား + မ | ၁၀,၀၀၀,၀၀၀ | ၁၅၀အိမ် |
| ၃ | မူကြိုကျောင်း | မ | ၁၅,၀၀၀,၀၀၀ | ၄၇၉ |
| ၄ | [illegible] | ကျား+မ | ၂၀,၀၀၀,၀၀၀ | ၄၇၉ |
| ၅ | [illegible] | မ | ၁၅,၀၀၀,၀၀၀ | ၄၇၉ |
| ၆ | ဆေးပေးခန်း | ကျား+မ | ၁၅,၀၀၀,၀၀၀ | ၄၇၉ ၃ [illegible] |
| | | | | |

ဃ။ လူထုစီမံကိန်း၏ လာမည့် ( ၃) နှစ်အတွက်အကျုံးမဝင်သော ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်း အစီအစဉ်များအားဖော်ပြပါ။

| အဆင့် | ကျေးရွာအတွက် ဦးစားပေး ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များ | အဆိုပြုသူ (အမျိုးသားများ/ အမျိုးသမီးများ/အမျိုးသား+ အမျိုးသမီး) | အခန်းကဏ္ဍ |
|---|---|---|---|
| ၁ | စိုက်ပျိုးရေးနည်းပညာ | ကျား + မ | [illegible] |
| ၂ | မွေးမြူရေးနည်းပညာ | ကျား | |
| ၃ | [illegible] | မ | |
| ၄ | စက်ချုပ်သင်တန်း | မ | |
| ၅ | [illegible] | ကျား+မ | |
| | | | |
| | | | |
| | | | |
| | | | |

ဥက္ကဋ္ဌ ၊ ကျေးရွာစီမံကိန်းအထောက်အကူပြုကော်မီတီမှ အတည်ပြုသည်။

အမည် ---[illegible]--- လက်မှတ် ---[illegible]--- နေ့စွဲ 5.2.2017

## ၁၂။ ပုံစံ စ-၄။ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ

### ပုံစံ - စ - ၄ ကျေးရွာအုပ်စုစီမံကိန်းလုပ်ငန်းခွဲရွေးချယ်ခြင်းပုံစံ (Form PC 4)

*လမ်းညွှန်ချက်။* စီမံကိန်းလုပ်ငန်းခွဲရွေးချယ်မှုအစည်းအဝေးပြီးနောက်တွင် ကျေးရွာအုပ်စုမှ CF/TFတို့၏ အကူအညီရယူ၍ ကျေးရွာစီထောက်ကော်မတီမှ လက်မှတ်ရေးထိုးပြီး အဆိုပါပုံစံအား ပြည့်စုံအောင်ဖြည့်သွင်းရမည်။ ဤပုံစံအား ပြည့်စုံစွာဖြည့်သွင်းပြီးပါက ကျေးရွာအုပ်စုဖွံ့ဖြိုးတိုးတက်ရေးစီမံချက်တွင် TPIC သို့ပေးပို့ရန်အတွက် နောက်ဆက်တွဲအဖြစ် ထားရှိရမည်။ CF မှ ကျေးရွာတစ်ရွာချင်းစီ၏ စီမံကိန်းလုပ်ငန်းခွဲဆိုင်ရာ အချက်အလက်များကို MIS သို့ထည့်သွင်းရမည်။ (ယခုနှစ်စီမံကိန်းလုပ်ငန်းခွဲ မလုပ်ကိုင်သော ကျေးရွာများ မပါဝင်ပါ။

| | | | |
|---|---|---|---|
| ကျေးရွာစည်းရုံးရေးမှူး/ဝန်ထမ်းအမည် ဦး၁ဒိုင်ဆိုကစိုး | | | |
| နေ့စွဲ | | စက်ဝန်းအားအမှတ်ခြစ်ပေးပါ။(√) ☐စက်ဝန်း(၁) ☐စက်ဝန်း(၂) ☑စက်ဝန်း(၃) ☐စက်ဝန်း(၄) | |
| ပြည်နယ်/တိုင်း စစ်ကိုင်း | မြို့နယ် ပင်လည်ဘူး | ကျေးရွာအုပ်စု ဝေဘင်ကုန်း | |

| ကျေးရွာအမည် | ဆောင်ရွက်မည့်လုပ်ငန်းများ | အတိုင်းအတာ | ခန့်မှန်း တိုက်ရိုက်အကျိုးခံစားခွင့်ရှိသူများ | အဆိုပြုတင်ပြသူ | ခန့်မှန်းကုန်ကျစရိတ် | | | | |
|---|---|---|---|---|---|---|---|---|---|
| | | | | | စီမံကိန်းမှထည့်ဝင်မှု | ကျေးရွာမှထည့်ဝင်မှု | အခြားထည့်ဝင်မှု (ဖေါ်ပြပါ) ထည့်ဝင်ငွေ | အမည်/အဖွဲ့ | စုစုပေါင်း |
| ငမြောက်မော် | ကျောင်းဆောင်ခန်းမ | L B H 80'၊30'x12' | ၂၄၉ | ☐ ကျား ☐ မ ☑ ကျား+ မ | ၁၀၅၆၀,၀၀၀ | | - | - | ၁၀၅၆၀၀၀၀ |
| နားနုန်း | ကျောင်းဆောင်ခန်းမ | L B H 90'၊30'-12' | ၂၇၈ | ☐ ကျား ☐ မ ☑ ကျား+ မ | ၆၀၆၀၀၀၀ | | - | - | ၆၀၆၀၀၀၀ |
| ဘောင်မော် | အသင်ကျောင်း မျက်နှာကျက် | L B 144'၊ 44' | ၄၇၉ | ☐ ကျား ☐ မ ☑ ကျား+ မ | ၄၅၀၀၀၀၀ | | - | - | ၄၅၀၀၀၀၀ |
| | | | | ☐ ကျား ☐ မ ☐ ကျား+ မ | | | - | - | |

ရာထူး ကျေးရွာအုပ်စု စီ/ထောက်ကော်မတီ ဥက္ကဋ္ဌ     အမည် လက်မှတ် ရက်စွဲ

ဥက္ကဋ္ဌ
ဦးမျိုးမြင့်
ဘောင်မော်

(လက်မှတ်)
ဒေါ်မြမြင့်
နားနုန်း

## ၁၄။ အစည်းအဝေး မှတ်တမ်းများ

လူထုဗဟိုပြုစီမံကိန်း

စစ်ကိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်p

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ........ တောင်မော်

ကျေးရွာအုပ်စု ........ ကောင်းကျ

အစည်းအဝေးပြုလုပ်သည့်နေရာ ........ ရေမှုန်

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ........ ၄.၂.၂၀၁၇

အစည်းအဝေးပြုလုပ်သည့် အကြောင်းအရာ........ မဟာဗျူဟာကြေငြာ ကျေးရွာအစည်းအဝေး နှင့် ကော်မတီဝင်များ ရွေးချယ်ခြင်း (ပထမအကြိမ်)

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား( ၃၆ )ဦး၊ မ( ၂၇ )ဦး=( ၆၃ )ဦး

ရည်ညွှန်းချက်။ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်၊ သဘောတူညီချက်၊ မှတ်တမ်းတင်သူ ပါဝင်ရမည်။

ဆွေးနွေးချက်

၁။ ကျေးရွာလူထုအနေဖြင့် စီမံကိန်းအကြောင်း နှင့် ရန်ပုံငွေ စီးဆင်းပုံကို ရှင်းပြဆွေးနွေးခြင်း

၂။ စီမံကိန်းစက်ဝန်း လည်ပတ်ပုံ အဆင့်ဆင့်ကို သိရှိစေရန်

၃။ စီမံကိန်းတွင် သက်ဆိုင်သူများ၏ အခန်းကဏ္ဍကို သိရှိနား လည်စေရန်

၄။ ကျား မ ရေးရာနှင့် ဝေဖန်အကြံပြုချက် ဖြေရှင်းရေးများ နားလည်စေရန်

၅။ ကော်မတီဝင်များ ရွေးချယ်တတ်စေရန်

၆။ လူထုမှ ပေါင်းပါဝင်သော လူမှုအခြေပြုစီမံချက်များဖြင့် ဖွံ့ဖြိုးစေရန် ဆွေးနွေးရှင်းပြခဲ့ပါသည်။

## ဆုံးဖြတ်ချက်များ

၁။ ကျေးရွာလူထုမှ သိရှိလိုသည်များကို ဝန်ထမ်းများထံတွင် မေးမြန်းရန်

၂။ ကျေးရွာဒေသရှိ ဝန်ထမ်းများကို တာဝန်ကျပြီး ကျေးရွာ ဖွံ့ဖြိုးရေးကို ဆောင်ရွက်လိုသူများကို ရွေးချယ်ရန်

၃။ လူမှုအကျိုးဆောင်ချက်များတွင် ပူးပေါင်းပါဝင်ရန် ဆောင်ရွက်ခဲ့ပါသည်။

## သဘောတူညီချက်များ

၁။ အများသဘောတူညီချက်များဖြင့်သာ ဆောင်ရွက်ရန်

၂။ အစည်းအဝေး၏ ဆုံးဖြတ်ချက်များအတိုင်း လိုက်နာ ဆောင်ရွက်ရန်

၃။ ပွင့်လင်းမြင်သာ ဆွေးနွေး ဆောင်ရွက်ရန်

သဘောတူညီကာ အစည်းအဝေးအား ရုပ်သိမ်းခဲ့ပါသည်။

ဦးသိန်းနိုင်ဦး
တောင်မြောက်ရွာ

လူထုဗဟိုပြုစီမံကိန်း

စစ်ကိုင်းဒေသကြီး၊ ပင်လည်ဘူးမြို့နယ်p

ကျေးရွာအစည်းအဝေးမှတ်တမ်း

ကျေးရွာ ........ တောင်မော်

ကျေးရွာအုပ်စု ........ ဖောင်ကြူး

အစည်းအဝေးပြုလုပ်သည့်နေရာ ........ ဓမ္မာရုံ

အစည်းအဝေးပြုလုပ်သည့်နေ့ရက် ........ ၇.၂.၂၀၁၇

အစည်းအဝေးပြုလုပ်သည့် အကြောင်းအရာ........ မဟာဗျူဟာကြံ ကျေးရွာအစည်းအဝေး နှင့်

........ [illegible] ရွေးချယ် အစည်းအဝေး ([illegible])

အစည်းအဝေးတက်ရောက်သူဦးရေ။ ။ကျား( ၃၀ )ဦး၊ မ( ၃၆ )ဦး=( ၆၆ )ဦး

ရည်ညွှန်းချက်။ ဆွေးနွေးချက်၊ ဆုံးဖြတ်ချက်၊ သဘောတူညီချက်၊ မှတ်တမ်းတင်သူ ပါဝင်ရမည်။

ဆွေးနွေးချက်

၁။ တောင်မော်ကျေးရွာတွင် စီမံကိန်းတွင် တာဝန်ထမ်းဆောင် မည့် ကော်မတီဝင်များကို မှန်ကန်စွာ ရွေးချယ်နိုင်ခဲ့ပါ

၂။ တာဝန်ခွဲဝေရေး ကျင့်ဝတ်များကို သိရှိနိုင်ခဲ့ပါ

၃။ ကျေးရွာဖွံ့ဖြိုးရေး ဦးဆောင်ပေးအစီအစဉ်များကို ရွေးချယ် အတည်ပြုနိုင်ခဲ့ပါ ဆွေးနွေးခဲ့ကြပါသည်။

တက်ရောက်လာသူများကို အုပ်စုဖွဲ့၍ ဦးဆောင်ပေးမှုပုံစံများကို သုံးသပ်ဆွေးနွေးခြင်း၊ ကော်မတီဝင်များကို ရွေးချယ်တင်မြှောက်ရန် သုံးသပ်ဆွေးနွေးကြပါသည်။

## ဆုံးဖြတ်ချက်များ

၁။ ကျေးရွာလူထုမှ ရိုးသားကြိုးစားပြီး ကျေးရွာဖွံ့ဖြိုးရေး
အတွက် စိတ်ပါသူ ဦးဆောင်နိုင်သူများကို ကျား-၈/မ-၈
ပေါင်း ရွေးချယ်ကာ သင့်တော်ရာ တာဝန်ခွဲဝေများ
အတိုင်း ဆုံးဖြတ်ရွေးချယ်ပါသည်။ ကျင့်ဝတ်များကို
လိုက်နာရန် လက်မှတ်ထိုးကြပါသည်။

၂။ ကျေးရွာလူထုမှ ကျေးရွာကော်မတီများကို အစုအဖွဲ့များက
ရွေးချယ်ပေးကာ PC-3 ပုံစံဖြင့် ရေးသွင်းမှတ်တမ်း
တင်ကာ ရွေးချယ်ကြပါသည်။

## သဘောတူညီချက်များ

၁။ ကျေးရွာလူထုနှင့် ပွင့်လင်းမြင်သာအောင်ဆောင်ရွက်ရန်
၂။ စီမံကိန်းကျင့်ဝတ်များကို လိုက်နာပြီး ရွာသူရွာသားများ
စည်းလုံးညီညွတ်စွာဖြင့် စုပေါင်းပါဝင်ဆောင်ရွက်
ရန် သဘောတူကြပါသည်။

မှတ်တမ်းတင်သူ

ဦးသိန်းနိုင်ဦး
အောင်မြေကွင်း

# ၁၅ ။ ကဏ္ဍအလိုက် အခက်အခဲမှတ်တမ်း

နောက်ဆက်တွဲ(၄)ခြားနားသောအပိုင်းများအတွက် ဦးစားပေးဖွံ့ဖြိုးရေးလုပ်ငန်းစဉ်

အနှစ်ချုပ် တောင်ပေါက်ကျေးရွာ

မှရင်းသည် VPSC တွင်ထားရှိရပါမည်။ အခြားဌာနများနှင့် ညှိနှိုင်းရန်အတွက် မိတ္တူအား TPIC သို့ပို့ရပါမည်။

MIS data အနေဖြင့် သွင်းရန်မလိုအပ်ပါ။

| | အဆင့် | လုပ်ငန်း | မည်သူဦးစားပေးလဲ | ကျေးရွာမှတာဝန်ခံသူ (သို့) အုပ်စု | ပြင်ပမှမည်သူ ထောက်ပံ့ မလဲ |
|---|---|---|---|---|---|
| အခြေခံအဆောက်အအုံ | ၁ | ရွာသစ်ကျောင်း မိုးအား | ☐ ကျား ☐ မ | | |
| | ၂ | တာတိုင်အသုံးပြုခြင်း | ☐ ကျား ☐ မ | | |
| | ၃ | မူကြိုကျောင်းသစ် | ☐ ကျား ☐ မ | | |
| | ၄ | ကာတိုင်ပြောင်းပြုခြင်း | ☐ ကျား ☐ မ | | |
| | ၅ | ရွာတွင်းကျောက်ချောလမ်း | ☐ ကျား ☐ မ | | |
| အသက်မွေးဝမ်းကျောင်းမှု/ စိုက်ပျိုးရေး | ၁ | စိုက်ပျိုးရေးနည်းပညာမြှင့်သင်တန်း | ☐ ကျား ☐ မ | | |
| | ၂ | မွေးမြူရေးနည်းပညာ [illegible] | ☐ ကျား ☐ မ | | |
| | ၃ | [illegible] | ☐ ကျား ☐ မ | | |
| | ၄ | မှိုနည်း [illegible] | ☐ ကျား ☐ မ | | |
| | ၅ | လက်သမား ပန်းရံသင်တန်း | ☐ ကျား ☐ မ | | |
| ကျန်းမာရေး | ၁ | ဆေးပေးခန်း | ☐ ကျား ☐ မ | | |
| | ၂ | ကျန်းမာရေးဝန်ထမ်း | ☐ ကျား ☐ မ | | |
| | ၃ | ဆေးဝါးကျွမ်းကျင်သင်တန်း | ☐ ကျား ☐ မ | | |
| | ၄ | | ☐ ကျား ☐ မ | | |
| | ၅ | | ☐ ကျား ☐ မ | | |
| ပညာရေး | ၁ | ပညာရေးဝန်ထမ်း | ☐ ကျား ☐ မ | | |
| | ၂ | ကျောင်းပရိဘောဂ မစုံ | ☐ ကျား ☐ မ | | |
| | ၃ | သင်ထောက်ကူ မစုံ | ☐ ကျား ☐ မ | | |
| | ၄ | အားကစား မစုံ | ☐ ကျား ☐ မ | | |
| | ၅ | | ☐ ကျား ☐ မ | | |
| အခြား | ၁ | ငွေကြေး [illegible] | ☐ ကျား ☐ မ | | |
| | ၂ | | ☐ ကျား ☐ မ | | |
| | ၃ | | ☐ ကျား ☐ မ | | |
| | ၄ | | ☐ ကျား ☐ မ | | |
| | ၅ | | ☐ ကျား ☐ မ | | |

## ၁၉။ VDP အရည်အသွေးထိန်းချုပ်မှု

ထိန်းချုပ်သူ- ရက်စွဲ- ရွာ- မြို့နယ်- VDP ရက်စွဲ- ကျေးရွာအုပ်စု-

(၁) VDP စာရွက်စာတမ်းပြီးဆုံးမှုကို စစ်ဆေးပါ။ (OM အရ)

- မျက်နှာဖုံး (အဖုံး)
- မာတိကာ
- ကျေးရွာအခြေခံ Data
- PSA အကျဉ်းချုပ်နှင့် PRA လုပ်ငန်းစဉ်
- အမျိုးသား/အမျိုးသမီးအဖွဲ့များ၏ အခက်အခဲများ
- ကျေးရွာမျှော်မှန်းချက် (ဆွေးနွေးချက်ရလဒ်)
- အမျိုးသား/အမျိုးသမီးအဖွဲ့များသဘောတူထားသည့် နောင်လေးနှစ်အတွက် ဦးစားပေးလုပ်ငန်းများစာရင်း (အခြေခံအဆောက်အဦး၊အသက်မွေးမှု၊ ပညာရေး၊ လူမှုရေးထိန်းသိမ်းမှု....)

နောက်ဆက်တွဲများ-

- လူမှုရေးအကဲဖြတ်မှု စာရွက်စာတမ်းဓါတ်ပုံနှင့် PRA လုပ်ငန်းစဉ် (ဖြစ်နိုင်လျှင်)၊ မြေပုံများ ပါရမည်၊ စည်းစိမ်ပိုင်ဆိုင်မှုအဆင့်၊ venn ပုံ...
- ကျေးရွာစီမံကိန်းရေးဆွဲရေးအစည်းအဝေးမိတ္တူ
- ကျေးရွာ၏အချက်အလက် (PC 1 ပုံစံ)
- ကျေးရွာမျှော်မှန်းချက်

(၂) လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP စစ်ဆေးပါ။

- VDP တွင်ပါဝင်သောဦးရေ (အမျိုးသား/အမျိုးသမီး)- ।
- လူမှုရေးအကဲဖြတ်မှုအရည်အသွေးနှင့် VDP အတွက် ရက်ပေါင်း-
- PRA ပစ္စည်းများ အသုံးပြုသည့် အရေအတွက်-
- ပါဝင်သောဦးရေနှင့် လုပ်ငန်းများ မှတ်တမ်းတင်ခြင်း (အစည်းအဝေးမှတ်တမ်း၊ အဖွဲ့ဓါတ်ပုံ၊ တိုင်းရင်းသားအနည်းစုနှင့် ထိခိုက်လွယ်သော အဖွဲ့များ)
  - အလွန်ကောင်း
  - ကောင်း
  - ညံ့
- လုပ်ငန်းများ မှတ်တမ်းတင်ခြင်းနှင့် အမျိုးသမီးအဖွဲ့အစည်းအဝေး၏ရလဒ် အားခွဲခြားပေးထားသလား။
  - ရှိ
  - မရှိ
- စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ।
- PRAနှင့်သက်ဆိုင်သောအခြား စီမံကိန်းအရေအတွက် (အမျိုးသား/အမျိုးသမီးရွေးချယ်မှုအရေအတွက်)- ।